# နိုင်ငံ့စီးပွားမြှင့်တင်မှု သမဝါယမအစပြု

စွမ်းမြင့်မိုရ် (စေရာ)

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

*"လူမှုစီးပွားဘဝမြှင့်တင်ဖို့*

*သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"*

၁၉၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့သည့် သမဝါယမလုပ်ငန်းစနစ်သည် ယခုအခါသမဝါယမဦးစီးဌာန၏ဦးဆောင်မှုအောက်တွင် (၁၂၁)နှစ်မြောက် အထိမ်းအမှတ်သို့ ဂုဏ်ယူဝင့်ကြွားစွာ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာအဘိဓာန်အရ **"အများစုပေါင်း၍ လုပ်ကိုင်ကာ တရားသဖြင့်ရသည့် အကျိုးအမြတ်ကို မျှတစွာခံစားသည့် လုပ်ငန်း"** ဟု အဓိပ္ပာယ်ဖွင့်ဆိုသော ဤလုပ်ငန်းစဉ်သည် နှစ်ပေါင်း ၁၀၀ ကျော်ကြာ တိုင်းပြည်၏ စီးပွားရေးအခြေခံကို ခိုင်မာအောင် အားဖြည့်ပေးခဲ့သည်။ သမဝါယမ၏ အနှစ်သာရကို F.W Raiffeisen က "အများအကျိုးကို တစ်ဦးစီက ဆောင်ရွက်၍ တစ်ဦးစီအတွက် အများကဆောင်ရွက်သည်"(One for all – All for One) ဟူသော ဆောင်ပုဒ်ဖြင့် တန်ဖိုးထားဖော်ညွှန်းခဲ့သကဲ့သို့ ကျွန်ုပ်တို့နိုင်ငံ၏ သမဝါယမဦးစီးဌာနသည်လည်း ထိုမူအတိုင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

**သမဝါယမ၏ ခိုင်မာသောမူဘောင်နှင့် ဒီမိုကရေစီကျင့်စဉ်**

သမဝါယမဟူသည် လုပ်ငန်းတစ်ခုခုကို လူအများစုပေါင်းဆောင်ရွက်ရာ၌ ပါဝင်သူတိုင်းသည် ရေသာခိုလှေကြုံမလိုက်ဘဲ မိမိ၏ ကာယ၊ ဉာဏ လုပ်အားများကို ညီတူညီမျှ ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သမဝါယမအသင်းဥပဒေသည် ကမ္ဘာ့သမဝါယမများနှင့် ရင်ပေါင်တန်းနိုင်ရန် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိခဲ့ပြီး အသင်း၏လုပ်ငန်းများကိုလည်း အများ၏ဆန္ဒဖြင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ပေးထားသည်။

ထို့အပြင်

- သမဝါယမအသင်း၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းသည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဖြစ်ပြီး ကိစ္စအဝဝကို အပြီးသတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။
- အသင်းပိုင်ရင်းနှီးပစ္စည်းများသည် ပြည်သူပိုင်၊ အစိုးရပိုင်မဟုတ်တော့ဘဲ ယင်းအသင်းတို့တွင် ပါဝင်နေသူများသာ ပိုင်ဆိုင်သည်။
- သမဝါယမကျင့်ဝတ် လေးရပ်ဖြစ်သော ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ လူမှုရေးစိတ်ဓာတ်ရှိခြင်းနှင့် အများအကျိုးကို အလေးထားခြင်းဟူသော မူဘောင်တို့သည် ICA အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်၏ စည်းမျဉ်းများနှင့် ကိုက်ညီနေသည်။

ဤသို့ဖြင့် သမဝါယမအသင်းသည် တန်းတူညီမျှမှုနှင့် သာတူညီမျှမှုကို ရှေ့တန်းတင်ထားသော၊ အများဆန္ဒဖြင့် စီမံခန့်ခွဲသည့် ဒီမိုကရေစီစံနှုန်းများဖြင့် ကိုက်ညီသည့် အဖွဲ့အစည်းဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။

> ✳ **သမဝါယမဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပင်မကျောရိုးသဖွယ် စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ အများဆန္ဒဖြင့် စီမံခန့်ခွဲသည့် ဒီမိုကရေစီကျင့်စဉ်များကို တိုးပွားရရှိစေရန် ဦးဆောင်နေ**
>
> ✳ **ကျေးလက်ဗဟိုပြု ဖွဲ့စည်းတည်ရှိနေသော သမဝါယမအသင်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသကဲ့သို့ နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ပင်မကျောရိုးသဖွယ် ဆက်လက်ထောက်ပံ့ဆောင်ရွက်လျက်ရှိ**

ထို့အပြင် သမဝါယမဦးစီးဌာနသည် ဤမူများအတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပင်မကျောရိုးသဖွယ် စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ အများဆန္ဒဖြင့် စီမံခန့်ခွဲသည့် ဒီမိုကရေစီကျင့်စဉ်များကို တိုးပွားရရှိစေရန် ဦးဆောင်နေပါသည်။

**လက်ရှိလုပ်ငန်းများမှ စီးပွားရေးခွန်အားဖော်ဆောင်ခြင်း**

သမဝါယမဦးစီးဌာနသည် နိုင်ငံ့စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်းမြင့်မားစေရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ထိရောက်သော ရည်မှန်းချက် မစ်ရှင်၊ မူဝါဒနှင့် လုပ်ငန်းအစီအစဉ် (၉)ရပ်ကို ချမှတ်လုပ်ဆောင်လျက်ရှိသည်။

သမဝါယမလုပ်ငန်းများ၏ လက်ရှိ အဓိကဦးတည်ချက်များမှာမူ –

(၁) **စိုက်ပျိုးရေးနှင့် မွေးမြူရေးအားပေးမြှင့်တင်ခြင်း**

သမဝါယမအသင်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအားထားရန် လိုအပ်ကြောင်း ဌာနက ညွှန်ကြားထားသည်။ ဤလုပ်ငန်းများဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားအဆင့်အတန်းမြှင့်တင်ရန်အတွက် အထောက်အပံ့များ ပေးလျက်ရှိသည်။

(၂) **ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်ခြင်း**

ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် ဆီစက်များကို စွမ်းအားပြည့်လည်ပတ်နိုင်စေရန်၊ ကုန်ကြမ်းပစ္စည်းများကို ဝယ်ယူနိုင်ရန်နှင့် ဆီဈေးကွက်ချိတ်ဆက်မှုများ ကျယ်ပြန့်စေရန် ဖော်ဆောင်လျက်ရှိသည်။

(၃) **"ဒေသတစ်ခု ထုတ်ကုန်တစ်ခု" စီမံချက်နှင့် သမဝါယမဆိုင်များတိုးချဲ့ခြင်း**

"One Region One Product" ဒေသတစ်ခု ထုတ်ကုန်တစ်ခုစီမံချက်ကို အကောင်အထည်ဖော်ခြင်းနှင့် သမဝါယမဆိုင်များ တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် အသင်းများအကြား ကျယ်ပြန့်သောချိတ်ဆက်မှုများရှိစေရန် တိုက်တွန်းလျက်ရှိသည်။

(၄) **ကျေးလက်ဒေသများ၏ စီးပွားရေးမြှင့်တင်ခြင်း**

အမျိုးသားစီးပွားရေးမြှင့်တင်ရေး ရန်ပုံငွေဖြင့် ကျေးရွာစိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ဘဏ္ဍာရေးစည်းမျဉ်း၊ မူဝါဒများနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်ရန် တိုက်တွန်းပြီး ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်လာစေရန်အတွက် သမဝါယမလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေသည်။

ဤသို့ဖြင့် ကျေးလက်ဗဟိုပြု ဖွဲ့စည်းတည်ရှိနေသော သမဝါယမအသင်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသကဲ့သို့ နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကပင်မကျောရိုးသဖွယ် ဆက်လက်ထောက်ပံ့ ဆောင်ရွက်လျက်ရှိသည်။

အချုပ်ဆိုရသော် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျရောက်မည့် သမဝါယမဦးစီးဌာန၏ (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့သည် ဤဌာန၏ တိုင်းပြည်အပေါ် ပေးဆပ်ခဲ့မှုများ၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေရှိနေသည့် လက်ရှိလုပ်ငန်းအစီအစဉ်များ၏ စွမ်းအားကိုပါ ဖော်ညွှန်းနေသည်။ လူမှုစီးပွားမြင့်မားလာစေရန် ဦးစီးဌာနဝန်ထမ်းများနှင့် အသင်းအမှုဆောင်များက စွမ်းအားရှိသမျှ အင်အားစိုက်ထည့်၍ ပူးပေါင်းမှုစွမ်းအားဖြင့် စီးပွားရေးလုပ်ငန်းများကို အလေးထား လုပ်ကိုင်ဆောင်ရွက်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဒုတိယမဏ္ဍိုင်မှ ရပ်တည်ကာ မြှင့်တင်ဆောင်ရွက်နေကြသည်။ သမဝါယမအပေါ် ကဲ့ရဲ့မှုအဖုံဖုံ၊ ဝေဖန်မှုအနန္တ၊ ပြစ်တင်မှုအမျိုးမျိုးတို့ဖြင့် အထင်အမြင်လွဲမှားနေကြသော်လည်း သမဝါယမသည် တိုင်းပြည်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်မှုခရီးစဉ်တွင် လမ်းညွှန်ဖော်ဆောင်လျက် တောက်ပနေမည်ပင်ဖြစ်ပေသည်။ ။

> **❛ လူမှုစီးပွားမြင့်မားလာစေရန် ဦးစီးဌာနဝန်ထမ်းများနှင့် အသင်းအမှုဆောင်များက စွမ်းအားရှိသမျှ အင်အားစိုက်ထည့်၍ ပူးပေါင်းမှုစွမ်းအားဖြင့် စီးပွားရေးလုပ်ငန်းများကို အလေးထား လုပ်ကိုင်ဆောင်ရွက်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဒုတိယမဏ္ဍိုင်မှရပ်တည်ကာ မြှင့်တင်ဆောင်ရွက်နေကြသည်။ သမဝါယမအပေါ် ကဲ့ရဲ့မှုအဖုံဖုံ၊ ဝေဖန်မှုအနန္တ၊ ပြစ်တင်မှုအမျိုးမျိုးတို့ဖြင့် အထင်အမြင်လွဲမှားနေကြသော်လည်း သမဝါယမသည် တိုင်းပြည်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်မှုခရီးစဉ်တွင် လမ်းညွှန်ဖော်ဆောင်လျက် တောက်ပနေမည် ❜**

ကျမ်းကိုး


သမဝါယမအသင်းဥပဒေ ( ၂၂-၁၂-၁၉၉၂)နှင့် သက်ဆိုင်ရာနည်းဥပဒေများ၊

သမဝါယမဦးစီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် ဦးတည်ချက်ဆိုင်ရာ သတင်းထုတ်ပြန်ချက်များ (၂၀၂၅)၊

ဦးလှမောင်(သမဝါယမနိဒါန်း-၁၉၈၁)၊

သမဝါယမဦးစီးဌာန အသင်းဖွဲ့စည်းမှုနှင့် စာရင်းအင်းဆိုင်ရာမှတ်တမ်းများ (၃၀-၆-၂၀၂၀ ရက်ထိ)၊

ICA ( International Co-operative Alliance) နှင့် F.W Raiffeisen ၏ သမဝါယမမူများ၊

## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာစစ်တုရင်အဖွဲ့ ကြေးတံဆိပ်တစ်ခုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

(၃၃) ကြိမ်မြောက် ဆီးဂိမ်းစစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာစစ်တုရင်အဖွဲ့သည် အာဆီယံစစ်တုရင်အမျိုးသမီးအသင်းလိုက် အမြန်ရွှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိသည်။

မြန်မာစစ်တုရင် အမျိုးသမီးအားကစားသမားများဖြစ်သည့် စုစုလှိုင်၊ စိုးမိုးခိုင်၊ မေဆုလွင်၊ မေဆက်လွင်၊ မျိုးမျိုးသူတို့ပါဝင်သည့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းကို အရေးနိမ့်သဖြင့် ပူးတွဲကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို အနိုင်ရကာ ရွှေတံဆိပ်ရခဲ့ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းက ပူးတွဲကြေးတံဆိပ်ရရှိခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-PPS



## ဆီးဂိမ်း အမျိုးသား+အမျိုးသမီး Mixed လေးယောက်တွဲပြိုင်ပွဲ ပြီးဆုံးပြီး မြန်မာအသင်း ပူးတွဲကြေးတံဆိပ်ဆုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

ဆီးဂိမ်း အမျိုးသား+အမျိုးသမီး Mixed လေးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ပူးတွဲကြေးတံဆိပ်ဆုရရှိခဲ့သည်။

**ကြေးတစ်ခုရရှိ**

ဗိုလ်လုပွဲတွင် အိမ်ရှင်ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ်အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုရရှိသည်။ မြန်မာအသင်းသည် အုပ်စုအဆင့်တွင် သုံးပွဲစလုံးအနိုင်ရပြီး အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်သော်လည်း ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားအသင်းကို အရေးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ပြီး ပူးတွဲကြေးတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပိုက်ကျော်ခြင်းအားကစားနည်း၌ ပြိုင်ပွဲအမျိုးအစား ငါးမျိုးယှဉ်ပြိုင်ထားရာ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိထားသည်။ ကွင်းသွင်းခြင်းခတ် အမျိုးသားပြိုင်ပွဲတွင် ငွေတစ်ခု၊ အမျိုးသမီးပြိုင်ပွဲတွင် ငွေတစ်ခု၊ သုံးယောက်တွဲအသင်းလိုက် အမျိုးသားပြိုင်ပွဲတွင် ကြေးတစ်ခု၊ အမျိုးသမီးပြိုင်ပွဲတင် ကြေးတစ်ခု၊ အမျိုးသား+အမျိုးသမီး Mixed လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတစ်ခု ရရှိထားခြင်းဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်း အသင်းသည် နောက်ဆုံးပြိုင်ပွဲနှစ်ခုအဖြစ် လေးယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်နေပြီး ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းမှစ၍ အုပ်စုပွဲများ စတင်ကျင်းပလျက်ရှိသည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် အဖွင့်ပွဲ၌ ထိုင်းအသင်းကို ၂ – ၁ ပွဲဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲတွင် အင်ဒိုနီးရှားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းကို ၂–၁ ပွဲဖြင့် ရှုံးနိမ့်သည်။ အုပ်စုလက်ကျန်ပွဲများကို ဒီဇင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ထွဏ်းသွေးအိမ်

## ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်းကိုရှုံးနိမ့်

ရန်ကုန် ဒီဇင်ဘာ ၁၆

ဆီးဂိမ်း အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဒီဇင်ဘာ ၁၆ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သည်။

အုပ်စုဒုတိယနေ့တွင် အိမ်ရှင်ထိုင်းအသင်းက မြန်မာအသင်းကို သုံးဂိုးပြတ်၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းကို အရေးနိမ့်ခဲ့သော်လည်း ပထမပွဲထက် ကစားပုံပိုကောင်းခဲ့ပြီး သုံးဂိုးသာပေးခဲ့ရသလို ပထမပိုင်းတွင် တစ်ဂိုးသာခွင့်ပြုခဲ့ရသည်။



မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ငါးသင်းသာ ရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပနေပြီး အိမ်ရှင်ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက တစ်ပွဲကစား သုံးမှတ်၊ မလေးရှားအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား အမှတ်မရသေး၊ မြန်မာအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဒီဇင်ဘာ ၁၇ ရက်တွင် မလေးရှားအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

သတင်း – ချစ်ကိုကို
ဓာတ်ပုံ – FAT

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်သုံးဆု၊ ကြေးတံဆိပ်နှစ်ဆု ရရှိခဲ့သည့် ဝူရှူးအားကစားအဖွဲ့နှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝူရှူးအားကစားနည်းမှ



ထောက်လုအားကစားပြိုင်ပွဲ အမျိုးသား သွေ့လျန့်(လက်နက်မဲ့)အတွဲအတိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရ တင်ထူးဝေ+ ရဲရင့်ထွန်းအတွဲ၊ အမျိုးသမီးဆန်းဆို (၅၆ ကီလို) ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရ ချယ်ရီသန်း၊ အမျိုးသမီးဆန်းဆို(၆၀ကီလို) ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရ နှင်းနုဝါ၊ အမျိုးသမီးသွေ့လျန့် (လက်နက်) ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရ သုပန်ထွာ+ ခိုင်စန္ဒာစိုးအတွဲ၊ အမျိုးသားဆန်းဆို (၇၀ ကီလို) ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရ မျိုးမင်းထက်နှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြု ကြိုဆိုကြကြောင်းသိရသည်။ **သတင်းစဉ်**

❍ **ဆီးဂိမ်းမှ**

ဆီမီးဖိုင်နယ်တွင် ထိုင်းကစားသမား ဆူဝမ်နာဝပ်ကို ၄–၂ ပွဲဖြင့် ရှုံးနိမ့်ခဲ့သဖြင့် မလေးရှားကစားသမားနှင့်အတူ ပူးတွဲကြေးတံဆိပ်ဆုရရှိကာ အိမ်ရှင်ထိုင်းကစားသမားနှစ်ဦး ဗိုလ်လုပွဲ တက်ရောက်သွားသည်။ အောင်ဖြိုးသည် ရှုံးထွက်အဆင့်တွင် အင်ဒိုနီးရှားကစားသမား ပူထရာကို ၄–၁ ပွဲဖြင့် အနိုင်ရသော်လည်း ကွာတားဖိုင်နယ်တွင် ကရီဆာနွတ်ကို ၄–၁ ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာစနူကာအဖွဲ့သည် ယခုပြိုင်ပွဲတွင် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည်။

သတင်း – ရှိုင်းထက်ဇော်
ဓာတ်ပုံ – MSYA

■

## (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

(၁၆– ၁၂ – ၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၁၆၀ | ၁၀၀ | ၆၆ | ၃၂၆ |
| ၂။ | အင်ဒိုနီးရှား | ၆၂ | ၇၂ | ၇၂ | ၂၀၆ |
| ၃။ | ဗီယက်နမ် | ၄၈ | ၅၅ | ၇၉ | ၁၈၂ |
| ၄။ | စင်ကာပူ | ၃၇ | ၃၅ | ၄၈ | ၁၂၀ |
| ၅။ | မလေးရှား | ၃၀ | ၃၁ | ၉၀ | ၁၅၁ |
| ၆။ | ဖိလစ်ပိုင် | ၂၉ | ၄၅ | ၉၄ | ၁၆၈ |
| ၇။ | မြန်မာ | ၃ | ၁၉ | ၂၄ | ၄၆ |
| ၈။ | လာအို | ၂ | ၇ | ၁၇ | ၂၆ |
| ၉။ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

မှတ်ချက်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။

■ **ဆီးဂိမ်း ကစ်ဘောင်ဆင်မှ**

ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရကာ ရွှေတံဆိပ်နှင့် လွဲချော်ခဲ့သည်။ အမျိုးသမီး ၅၂ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာကစ်ဘောင်ဆင်ကစားသမား မေသဇင်ထူးသည် ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမား ပူထရီအီကာကို အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကာ ဗိုလ်လုပွဲတွင် အိမ်ရှင်ထိုင်းကစားသမား ရတ်သာနာဖွန်ကို ရှုံးနိမ့်သဖြင့် ငွေတံဆိပ်ဆုရရှိသည်။ အမျိုးသမီး ၅၀ ကီလိုတန်းတွင် မြန်မာကစ်ဘောင်ဆင်ကစားသမား လင်းစန္ဒာဋ္ဌေးသည် ဆီမီးဖိုင်နယ်တွင် အိမ်ရှင်ထိုင်းကစားသမား ဆာဆီဆွမ်ကို အနိုင်ရသော်လည်း ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမား ဟောင်သီသွေကို အရေးနိမ့်ကာ ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။ **သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MSYA**



ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှား တွေ့ဆုံပြီး အိမ်ရှင်ထိုင်းကို အင်ဒိုနီးရှားအသင်း ပင်နယ်တီအဆုံးအဖြတ်၌ အနိုင်ယူ

ရန်ကုန် ဒီဇင်ဘာ ၁၆

ဆီးဂိမ်းအမျိုးသမီးဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၆ ရက်က ဆက်လက်ကျင်းပရာ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်း ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းက အိမ်ရှင်ထိုင်းအသင်းကို ၁၁ ဂိုး–၁၀ ဂိုးဖြင့် အနိုင်ရရှိသည်။ ဗီယက်နမ်အသင်းသည် ပွဲချိန် ၂၅ မိနစ်တွင် ထရန်ငုယက်သီ သွင်းယူသည့်တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာမူ နာမည်ကြီးထိုင်းအသင်းကို အံ့အားသင့်ဖွယ် အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး ပွဲချိန် မိနစ် ၄၀ တွင် လေးဂိုးစီသရေကစားနိုင်သဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပင်နယ်တီဆုံးဖြတ်ရာတွင် ရှစ်လုံးအထိ ကန်သွင်းခဲ့ရပြီး အင်ဒိုနီးရှားအသင်းက ခုနစ်ဂိုးဝင်ကာ အိမ်ရှင်ထိုင်းအသင်းက ခြောက်ဂိုးသာဝင်သဖြင့် အင်ဒိုနီးရှားအသင်းက ခုနစ်ဂိုး–ခြောက်ဂိုး စုစုပေါင်း ၁၁ ဂိုး–၁၀ ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၈ ရက်တွင် တတိယလုပွဲအဖြစ် အိမ်ရှင်ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း–မောင်စံကြီး၊ ဓာတ်ပုံ–FAT**

